KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဧပြီလ ၂၄ ရက်, ၂၀၂၄ ခုနှစ်/KHRG စာအမှတ်- 24-53-I1

# ဒူးပလာယာခရိုင်မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ကော်တရီမြို့နယ်တွင် အသက် (၂၁) နှစ် အရွယ်ရှိ ရွာသားတစ်ဦးမှ မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်)မြို့နယ်တွင်ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်းအဖြစ် အပျက်ကိုဖော်ပြထားပါသည်။ ၂၀၂၃ နိုဝင်ဘာလ မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၅၅၈) မှ ကျိုက်ဒုံမြို့တွင်းသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်သဖြင့် ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့တွင်နေထိုင်သောရွာသားများသည် ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အသက် ၂၁ နှစ်အရွယ်ရှိ မောင်အ---သည် မြို့အနီးရှိ ခလရ အမှတ် (၅၅၈) စစ်သားများမှ ဝါးဖြင့်အမှတ်အသားပြုကာထားပြီး ရွာသားများသွားလာရန် တားမြစ်ထားသည့် စစ်တပ်စခန်းသို့ဦးတည်သွားသည့်လမ်းကို အသုံးပြုခဲ့ပါသည်။ မောင်အ--- သည် ကျိုက်ဒုံမြို့ရှိ ၎င်းအိမ်ကိုပြန်ကြည့်ခဲ့ပါသည်။ ၎င်းမှ မြို့သို့ပြန်ရောက်သွားသည့်အချိန်တွင် ရွာသားများ၏အိမ်အနီးအနားရှိ လမ်းပေါ်တွင်ထောင်ထားသည့် မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိခဲ့ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲသဖြင့် ၎င်း၏ဘယ်ဖက်ခြေထောက်ဒဏ်ရာရရှိသွားပြီး ညာဖက်ခြေထောက်အား ဆေးရုံတွင်ဖြတ်တောက်ခဲ့ရပါသည်။ ခလရ အမှတ် (၅၅၈) မှ စစ်သားများသာ ထိုနေရာဒေသတွင် ကင်းလှည့်လည်ခြင်းအားပြုလုပ်သဖြင့် ကျိုက်ဒုံမြို့ရှိဒေသခံခေါင်းဆောင်များနှင့် ရွာသားများမှ အဆိုပါမြေမြှုပ်မိုင်းကို အဆိုပါစစ်သားများမှ ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်ကြပါသည်။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊  ကျိုက်ဒုံမြို့ (ရက်ကွက် ၁) |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| **အမည်** | မောင်အ--- |
| **အသက်** | ၂၁ နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | မွန် |
| **အိမ်ထောင် ရှိ/မရှိ** | အိမ်ထောင်မရှိ |
| **အလုပ်အကိုင်** | နေ့စားအလုပ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | ကျိုက်ဒုံမြို့ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိ အမည်** |
| မသိရှိရ | မသိရှိရ | ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၅၅၈) | ကျိုက်ဒုံမြို့အနီး | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးသည် မြေမြှုပ်မိုင်းထိမှန်ဒဏ်ရာရရှိသူ၏မိခင်ဖြစ်သူအား ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ထောဝါးလောကျေးရွာအုပ်စု၊ အ---ကျေးရွာ (မိသားစုထွက်ပြေးတိမ်းရှောင်သည့်နေရာ) တွင်တွေ့ဆုံမေးမြန်းခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| မြေမြှုပ်မိုင်းထိမှန်ဒဏ်ရာရရှိသူ၏မိခင်မှ ဤသတင်းအချက်အလက်များကို ပြောပြခဲ့ပါသည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ကျိုက်ဒုံမြို့အနီးတွင် အခြေစိုက်သည့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၅၅၈) သည် ကျိုက်ဒုံမြို့ထဲသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် ကော်တရီ (ကောကရိတ်)မြို့နယ်၊ ကျိုက်ဒုံမြို့တွင်နေထိုင်သော ဒေသခံရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ [အချို့ရွာသားများသည် မြို့နှင့်အနီးအနားရှိနေရာဒေသများတွင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး၊ အခြားသောရွာသားများသည် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ရသူများ (IDPs) ထားသည့်နေရာတွင်နေကြပြီး အခြားသောသူများမှာလည်း ၎င်းတို့၏ဆွေမျိုးများရှိရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ သို့သော်၊ ရွာသားအချို့သည် ၎င်းတို့၏ ကြက်နှင့်ဝက်များကဲ့သို့သော အိမ်မွေးတိရိစ္ဆာန်များကိုပြန်ကြည့်ရန် မြို့ထဲသို့ရံဖန်ရံခါပြန်လာခဲ့ကြပါသည်။<br><br>၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်၊ ကျိုက်ဒုံမြို့နေ ရွာသားတစ်ဦးဖြစ်သည့် မောင်အ---သည် ၎င်း၏အိမ်ကို ပြန်ကြည့်ရန် အနီးအနားရှိထွက်ပြေးတိမ်းရှောင်ရာနေရာမှ မြို့ထဲသို့ သူငယ်ချင်းတစ်ဦးနှင့်အတူပြန်လာခဲ့ပါသည်။ ၎င်းတို့မှ ကျိုက်ဒုံမြို့သို့ရောက်သွားသည့်အချိန်တွင် SAC (ခလရ) အမှတ် (၅၅၈) စစ်သားများမှ ရွာသားများအသုံးမပြုရန်တားမြစ်ခြံခတ်အမှတ်အသားပြုထားသော လမ်းကိုသွားခဲ့ကြပါသည်။ မောင်အ--- သည် အဆိုပါလမ်းပေါ်သို့ လျှောက်လာစဉ် ရွာသားများ၏အိမ်အနီးရှိလမ်းမပေါ်တွင်ထောင်ထားသော မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိခဲ့ပါသည်။<br><br>ထိုလမ်းအားဖြတ်သန်းသွားလာခြင်းမပြုလုပ်ရန်အတွက် ဝါးခြံစည်းရိုးကာထား၍ အမှတ်အသားပြုလုပ်ပိတ်ဆို့ထားပါသည်။ ဒေသခံရွာသားများမှ SAC ၏ ခလရ အမှတ် (၅၅၈) စစ်သားများမှ ဝါးဖြင့်လမ်းကိုပိတ်ဆို့ထားကြောင်း တွေ့ရှိခဲ့ပါသည်။ အဆိုပါလမ်းသည် မြို့တွင်းတွင်ရှိပြီး မြို့အနီးတွင် အခြေစိုက်သည့် SAC ၏ (ခလရ) အမှတ် (၅၅၈) စစ်တပ်စခန်းသို့ ဦးတည်ပါသည်။ သို့သော်လည်း SAC စစ်သားများသည် မည်သို့သောအကြောင်းပြချက်ဖြင့် လမ်းကိုဝါးဖြင့်ပိတ်ဆို့ထားကြောင်း ရွာသားများမသိရှိကြခြင်းနှင့် မြေမြှုပ်မိုင်းထောင်ထားခြင်းနှင့်ပတ်သက်၍လည်း ရွာသားများအား ကြိုတင်အသိပေးအကြောင်းကြားခြင်းမရှိပါ။<br><br>မောင်အ--- သည် ဘယ်ဖက်ခြေထောက်တွင် ဒဏ်ရာရရှိသွားခဲ့ပြီး မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ပွင့်ထွက်သွားသည့် ၎င်း၏ညာဖက်ခြေထောက်အား ဆေးရုံတွင်ဖြတ်တောက်ခဲ့ရပါသည်။ ပထမတွင် မောအ--- ကို ဒေသခံ ကရင်အမျိုး |

သားအစည်းအရုံး (KNU) အာဏာပိုင်များမှ ကော်တရီမြို့နယ်၊ ထော၀ါးလော်ကျေးရွာအုပ်စု၊ ဘ--- ကျေးရွာရှိ ဆေးခန်းသို့ပို့ဆောင်ခဲ့ပြီးနောက်ပိုင်းတွင် ထိုဆေးခန်းမှတစ်ဆင့် လူနာအား ထိုင်းနယ်စပ်တွင်တည်ရှိသည် ယ--- ဆေးရုံသို့လွှဲပြောင်းပေးခဲ့ပါသည်။ မိသားစုများအနေဖြင့် လူ့သားချင်းစာနာထောက်ထားသည့်အထောက်အပံ့ကိုရရှိသဖြင့် ဆေးဖက်ဆိုင်ရာကုသစရိတ်ကို ၎င်းတို့ကိုယ်တိုင်မပေးရပါ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မောင်အ--- သည် ဖြတ်တောက်ထားခံရသည့် ၎င်း၏ခြေထောက်အနာသည် ကောင်းမွန်စွာသက်သာခြင်းမရှိသေးသဖြင့် ယ--- ဆေးရုံတွင် ပြန်လည်ပြသရပါသည်။ လူနာ၏ခြေထောက်အနာပျောက်ကင်းသက်သာလာသည်နှင့် ၎င်းအတွင်ခြေတုတပ်ပေးမည်ဖြစ်ကြောင်း ယ--- ဆေးရုံဝန်ထမ်းတစ်ဦးမှ မောင်အ--- ၏မိခင်ဖြစ်သူအားပြောပြခဲ့ပါသည်။ [အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ ခြေတုကုန်ကျစရိတ်အတွက် ငွေကြေးအကုန်ကျခံပေးမည်ဖြစ်ပါသည်]။

မြေမြှုပ်မိုင်းဖြစ်ရပ်ဖြစ်ပွားသည့်နောက် မောင်အ--- နှင့် ၎င်း၏မိသားစုဝင်များသည် ကျိုက်ဒုံမြို့အနီးအနားထွက်ပြေးတိမ်းရှောင်သည့်နေရာမှ ထိုင်းနယ်စပ်ရှိ ထော်ဝါးလော်ကျေးရွာအုပ်စု၊ ဘ--- ကျေးရွာသို့ ပြောင်းရွှေ့သွားခဲ့ပါသည်။

(ခလရ) အမှတ် (၅၅၈) စစ်တပ်စခန်းတစ်ခုသာ ကျိုက်ဒုံမြို့အနီးတွင် အခြေစိုက်သဖြင့် ကျိုက်ဒုံမြို့ရှိဒေသခံခေါင်းဆောင်များနှင့်ရွာသားများသည် အဆိုပါမြေမြှုပ်မိုင်းအား ရွာသားများ ၎င်းတို့၏ကျေးရွာမှထွက်ပြေးတိမ်းရှောင်စဥ် SAC (ခလရ) အမှတ် (၅၅၈) မှ စစ်သားများထောင်ထားခဲ့ခြင်းဖြစ်ကြောင့် ယုံကြည်ကြပါသည်။ ထို့အပြင် အဆိုပါ (ခလရ) အမှတ် (၅၅၈) စစ်တပ်စခန်းတစ်ခုတည်းသာ ထိုဒေသတွင် ကင်းလှည့်လည်နေပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| |
|---|
| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| ဒဏ်ရာရရှိသူနှင့် ၎င်း၏မိသားစုမှ ဤသတင်းအချက်အလက်ကို အသုံးပြုရန်ခွင့်ပြုချက်ပေးထားပါသည်။ |



ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ထော၀ါးလော်ကျေးရွာအုပ်စု၊ ဘ---ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ပုံတွင် ကျိုက်ဒုံမြို့ရှိ ရွာသား မောင်အ---မှ မြေမြှုပ်မိုင်းပေါက်ကွဲမှုပြီးနောက် ၎င်း၏ ညာဖက်ခြေထောက်ကို ဖြတ်တောက်လိုက်ရသည့် ပုံဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မောင်အ---သည် ကျိုက်ဒုံမြို့ရှိ ၎င်း၏အိမ် ပြန်ကြည့်ရန် ပြန်လာသည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ တွင် SAC မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ၎င်း၏မြို့မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ မြေမြှုပ်မိုင်းနင်းမိပြီးနောက် ၎င်းကို ထိုင်းနိုင်ငံ၊ ယ---ဆေးရုံသို့ ဆေးကုသမှုခံယူရန်ပို့ဆောင်ခဲ့သည်။ *(ဓာတ်ပုံ - KHRG)*

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကို ဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။